# မပြင်ကျေးရွာ

## မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မပြင်ကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၄ |
| စကားချီး | ၅ |
| မပြင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် | ၇ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | **၈** |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၈ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၀ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၀ |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၃ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၈ |

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား  ၉  ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀  ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား  ၁၁  ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား  ၁၂  ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား  ၁၃  ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား  ၁၄  ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား  ၁၅  အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား  ၁၆  ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား  ၁၇  သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား  ၁၈  သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား  ၁၉  မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား  ၂၀  မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား  ၂၁  မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား  ၂၂  စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား  ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား  ၂၃-ခ  စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား  ၂၄  ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား  ၂၅  ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား  ၂၆  ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား  ၂၇  ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား  ၂၈  ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား  ၂၉  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား  ၃၀  မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား  ၃၁ ကျောင်းတက်နှုန်း
ဇယား  ၃၂  စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား  ၃၃  ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား  ၃၄ အဖြစ်များသော ရောဂါများ
ဇယား  ၃၅  လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား  ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား  ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား  ၃၈ အိမ်သာ အမျိုးအစား

ဇယား  ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား  ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား  ၄၁  ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား  ၄၂  ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား  ၄၃  သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား  ၄၄  လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား  ၄၅  ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား  ၄၆  ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး  အခြေအနေ

ဇယား  ၄၇  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား  ၄၈  မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မပြင်ကျေးရွာ

မိုးညှင်းမြို့နယ်

## မပြင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆို င်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျွန်တော်တို့ ကျေးရွာသည် ကချင်ပြည်နယ်၊မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ကားလမ်း ပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့် ဆက်သွယ်သွားလာရ ခက်ခဲသည်။ကျေးရွာ သည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက သက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး လုပ်ငန်းများဖြစ်ကြသည်။ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မမှ ၆၀မှ၈၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။

ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး ကျေးရွာအနီးတွင် တောတောင် မြစ် ချောင်းများရှိသည်။မြေပြင်အနေအထားမှာ ကုန်းတစ်ပိုင်း၊မြေပြန့်တစ်ပိုင်းဖြစ်သည်။လယ်ယာမြေ များသည် စပါးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာဖြစ် သည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ကျွန်တော်တို့ကျေးရွာမှာ သုံးဆယ်ရေလှောင်တမံ၊ ဆည်ရေ တည်ဆောက်ထားခြင်းမရှိပါ။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၅၀၆)စုနှင့်ကျား(၁၄၃၄)၊မ(၁၅၃၃)ဦးဖြင့် လူဦးရေ(၂၉၆၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၁၀၀%)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၆%) ဦးထက်လျော့နည်းသည်။ကျေးရွာတွင် ရှမ်းနီ လူမျိုးနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည်

ကျေးရွာရှိ လူဦးရေပေါင်း၏ (၂၉၆၇)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၉၉%)မျှပိုများသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံးသည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ်ခွဲယူပြီး၊ချမ်းသာသည့်အဆင့်သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့် စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ချမ်းသာသော လယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း ဆန်ကြိတ်စက်၊သစ်ခွဲစက် စသော အသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ငွေချေးသော အိမ်ထောင်စုအချို့နှင့်အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်အတင့်အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာ အနည်းငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာ မဲ့ အိမ်ထောင်စုများပါဝင်သည်။ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက်နည်းပါးပြီးအလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုနည်းပါးသည်။မြေယာမဲ့ အိမ်ထောင်စုများသည်။ရာသီအလိုက် လယ်လုပ်ငန်းအငှား၊လက်လီ၊ ဆန်ကြိတ်စက်၊သစ်ခွဲစက်၊ငါးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်းကိုလည်း တစ်ပိုင်တနိုင် လုပ်ကိုင်ကြသည်။ကျေးရွာတွင် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများသည်။သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနေသည်။သူတစ်ပါးထံမှ မချေးမငှားဘဲ သုံးလခန့်စားသုံးနိုင်သည်။၃လမှ၅လခန့် ၆လမှတစ်နှစ်ပတ်လုံးထိ မချေးငှားဘဲ နပ်မှန်အောင် စားသုံးနိုင်သည်။ အကြွေးတင်ရှိမှုတွင် တွေ့ရှိခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေတင်ရှိနေသည်။အိမ်ထောင်စုအားလုံး၏ အမျိုးသမီးဦးဆောင်သူဖြစ်ပြီး ထိုအိမ်ထောင်စုများသည် အလွန်အဆင်မပြေဖြစ်နေသည်။တချို့အိမ်ထောင်စုများသည် အဆင်မပြေ ၍ ရွာပြင်ပသို့ထွက်၍ အလုပ်လုပ်ကိုင်ကြရသည်။မုဆိုးဖို၊မုဆိုးမ တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စုသည် ဆင်းရဲသည်။ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုမှာ မသန်မစွမ်းသူနှင့်မိသားစု စောင့်ရှောက်မှုနည်းသူများဖြစ်သူနှင့်အသက်ကြီးရွယ်အိုလည်းရှိသည်။ရွာပြင်ပသို့ထွက်ပြီး မော်ထဲသို့ သွားရောက်အလုပ်လုပ်ကိုင်သော လူငယ်အများစုသည် လိင်မှတဆင့် ကူးစက်ရောဂါများ၊အရက်၊ဆေးလိပ်၊ မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့သည် အလွန်များပြားလှသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသည် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ကလေးအများစုလည်း ကျန်းမာကြသည်။ငှက်ဖျားရောဂါမှာ ယခုနှစ်ပိုင်း ပိုမိုဖြစ်ပွားမှုရှိကြောင်း ကျန်းမာရေးမှတဆင့်သိရသည်။အမျိုးသမီး၊လူငယ်လူရွယ်၊အသက်ကြီးပိုင်းများတွင်လည်း တစ်ကိုယ်ရည်သန့်ရှင်းမှုရှိကြသည်။ကျေးရွာတွင် ကျေးရွာသားတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ရှိသော်လည်း နည်းပါးသည်။မြို့နယ်ဆေးရုံနှင့်လည်း အလွန်ဝေးကွာသည်။သွားလာဖို့အတွက်လည်း လမ်းပန်းဆက်သွယ်ရေးလည်း အလွန်ခက်ခဲသည်။

ကျေးရွာအတွက် အများစုမှာ လက်နှိပ်တုံကင်၊မော်တာသုံးအနည်းစုရှိသည်။သောက်ရေကောင်း သောကြောင့် ဝမ်းရောဂါမှ ကင်းလွတ်သည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံ ပညာကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာတွင်းကျောင်းတွင် သင်ယူနိုင်သည်။ရွာတွင်းကျောင်းအထက်တန်းကျောင်းခွဲတွင် ပညာသင်ယူကြရသည်။အသက်မွေးဝမ်းကျောင်းကတော့ စိုက်ပျိုးရေး၊လက်သမား၊ဝပ်ရှော့၊ငါးဖမ်းလုပ်ငန်း အစရှိသည့် အသက်မွေးဝမ်းပညာ အချို့တတ်မြောက်ကြသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားသည် လွတ်လပ်မှုရှိသည်။ကျေးရွာတွင် ကျား/မ ရေးဆိုင် အရေးကိစ္စများကို လူမှုရေးအသင်းများ၊အမျိုးသမီးအဖွဲ့များက ဝိုင်းဝန်းဖြေရှင်းပေးသည်။ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ အနည်းငယ်ရှိသည်။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြား နယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။ပညာသင်နေသောယောက်ကျား

လေးနှင့်မိန်းကလေး အရေအတွက်မှာ မူလတန်းတွင် ယောက်ကျားလေး အရေအတွက် သည် မိန်းကလေးအရေအတွက်ထက်များပြီး အလယ်တန်းနှင့်အထက်တန်းများတွင် ယောက်ကျားလေးအရေအတွက်ထက် မိန်းကလေးအရေအတွက်က ပိုများနေသည်။သို့သော် လုပ်ငန်းဘက်တွင် ယောက်ကျားလေး အရေအတွက်ကပိုများသည်။အုပ်ချုပ်ရေးအဖွဲ့များတွင် ယောက်ကျားလေး အရေအတွက်က မိန်းကလေးအရေအတွက်က ပိုများသည်။အုပ်ချုပ်ရေးအဖွဲ့များတွင်ယောက်ကျားလေးအရေအတွက်က မိန်းကလေး အရေအတွက်ထက်ပိုများသည်။ရွာတွင် ယောက်ကျားလေးနှင့် မိန်းကလေး တန်းတူညီမျှ အခွင့်အရေး ပေးသောကြောင့် အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းကြောင့် ကျား-မတန်းတူညီမျှဖွံ့ဖြိုးမှုတို့အတွက် များစွာ အထောက်အပံ့ပြုပါသည်။

## ၄။ကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း( ၂ )ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ယင်းအဖွဲ့အစည်းများအနက် အမျိုးသမီးအဖွဲ့သည်လည်း ရပ်ရွာအတွက် အဘက်ဘက်ကနေ အထောက်အကူများစွာ အကျိုးပြုသည်။မြန်မာ့အသေးစား ငွေချေးယူသော လုပ်ငန်းကို ပြင်ပမှဖွဲ့စည်းထားပြီး အသေးစားငွေချေးလုပ်ငန်းကို ဆောင်ရွက်ပေး လေ့ရှိသည်။ကျေးရွာတွင် ငွေချေး လုပ်ငန်းကို အချို့အိမ်ထောင်စုများသည် တပိုင်တနိုင်လုပ်ဆောင် ကြသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍာ

ကျေးရွာတွင် စပါးကို အဓိကအားထား၍ စိုက်ပျိုးကြသည်။မိုးစပါး စိုက်ပျိုးကြသည်။မိုးစပါး ပျှမ်းမျှ အထွက်မှာ ( ၇၀ )တင်းထွက်သည်။အချို့လယ်ယာမဲ့သူနေတွက ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ပြီး လယ်ယာပိုင် အိမ်ထောင်စုအနည်းငယ်သည် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်လေ့ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှ လည်းတောင်သူများအတွက် ဝန်ဆောင်မှုပေးသည်။တောင်သူအများစုသည် စိုက်ခ၊ရိတ်ခတွေ ဈေးကြီးသောကြောင့် အခက်အခဲရှိနေပါသည်။လုပ်ခကို အစိုးရအဖွဲ့အစည်းတွေက သတ်မှတ်ပေးရင် ပိုကောင်းပါသည်။လုပ်ခဈေးကြီးသောကြောင့် ထွက်ငွေနှင့်ဝင်ငွေမညီမျှသောကြောင့် အဆင်မပြေသောတောင်သူများနေသည်။တချို့တောင်သူများသည် လုပ်ခများသောကြောင့် စပါးကို စိုက်သည့် စနစ်ကို မသုံးတော့ဘဲ ကြဲပက်သည့်စနစ်ကို အသုံးပြုသောကြောင့် အထွက်များနည်းပါးသည်။ တောင်သူများသည် မိုးရေမလုံလောက်မှု ကြုံရတတ်သောကြောင့် အစိုးရဘက်ကနေ ဆည်မြောင်း များဆောက်လုပ်ပေးလျှင်ပိုအဆင်ပြေပါသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုမှာ တစ်ရွာလုံး၏( ၂၉၇ )အိမ်ထောင်စု ရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ကြက်မွေးသည့် အိမ်ထောင်စုမှာ(၃၄၆)အိမ်ခန့်ရှိပြီး နွား၊ကျွဲ၊ ဆင် အစရှိသည့် တိရစ္ဆာန်များကိုလည်း မွေးမြူကြသည်။ရာသီအလိုက် တိရစ္ဆာန်များတွင် ရောဂါ ဖြစ်ပွားမှုမှာ ကြက်လည်လိမ်ရောဂါများသည်။ရောဂါကြောင့် သေဆုံးများသည်။နည်းပညာဝန် ဆောင်မှုမှာ မြို့နယ်ကရရှိသော်လည်း အနည်းငယ်မျှသာ ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် လမ်းမ ဆက်သွယ်ရေး မကောင်းမှုဝန်ထမ်းအင်အားနည်းမှုကြောင့်ဖြစ်သည်။ကျေးရွာတွင် မွေးမြူရေး အဆင်ပြေသော်လည်း ငွေကြေး အဆင်မပြေသော အိမ်ထောင်စုများကနေ ငွေကြေးလုံလောက်မှုမရှိ ကျေးရွာတွင် ချေးယူလုပ်ဆောင်ပါသော်လည်း ချေးငွေက အတိုးကများသောကြောင့် ဝင်ငွေ ထွက် ငွေမညီမျှမှု ပြဿနာကို ရင်ဆိုင်ရသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ဈေးရောင်း၊အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြ သည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါး မှ အသင့်အတင့် အနေအထားတွင်ရှိသည်။လက်လုပ် လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင် သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေ ကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား အလာကောင်းတစ်ရပ်ဖြစ်သည်။ကျေးရွာတွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိသည်။အပ်ချုပ်၊ဆံပင်အလှပြင်၊မော်တော်ဆိုင်ကယ်ပြင်၊ဝပ်ရှော့ စသည့် တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသည်။ကျေးရွာသူ/သား အများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးပါသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့်လုပ်ငန်း ထူထောင်ရန်လည်း မတတ်နိုင်ချေ။ငွေကြေး အဆင်ပြေသော အိမ်ထောင်စု အချို့သော အပ်ချုပ်၊စက်ပြင် စသော သင်တန်း များသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားခြင်းဖြစ်သည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း(၀.၇ ကျပ်တိုး၊တစ်ကေ တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ကေအတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင် သမဝါယမ အသင်းကို ဖွဲ့စည်းထားပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားသောကြောင့် တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ဆမလက်မှတ်ရ ဆရာဝန်တစ်ဦး ထိုင်သော ပုဂ္ဂလိက ဆေးခန်းတစ်ခုလည်း ဖွင့်လှစ်ထားသဖြင့် ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမီသည်။

သောက်ရေအတွက် လက်နှိပ်တုံကင်များ သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ပျဉ်များဖြင့် ဆောက်လုပ်သုံးစွဲကြသည်။

တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စက်ဖြစ်ပွားစေတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။စာသင်ကျောင်းတွင်လည်း အိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်သည့် အနေအထား သီးသန့်မရှိချေ။သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့် ဖော်ဆောင်ခြင်းမရှိချေ။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ကျေးရွာရှိ ကျောင်းတွင် စာကြည့်တိုက်ရှိပြီး ရန်ကုန်မြို့ရှိ မြန်မာစာကြည့်တိုက်အဖွဲ့ချုပ်နှင့် အဆက်အသွယ်ရှိကာ စာအုပ်များ လက်ခံရရှိမှုများရှိသည်။ရွာသားများသည် သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်တွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင်ဖြစ်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိချေ။ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို ဆိုလာမှ သုံးစွဲနိုင်ကြသဖြင့် ကျောင်းသူ/သားများအတွက် စာဖတ်ချိန်တွင် အထောက်အပံ့ဖြစ်စေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏( ၅၈ )%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုး ပစ္စည်းများနှင့်ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မိုးညှင်းခရိုင်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းသော အဆင့်တွင်ရှိနေကြသည်။

သဘာဝ အရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက် အပံ့ဖြစ်စေသည်။လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီတင်ပို့ရောင်းချနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်၊ဝက်နှင့်နွားကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေသည်။

ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း စိုက်ခင်းများတွင် ကျရောက်တတ်သည်။မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော် လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးလေ့ကျင့်ရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားသည်။ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲ ကြုံတွေ့ရသည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊တတ်သိပညာ၊အထိအတွေ့တို့ အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပိုးရေး၊မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး ၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်။မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက်

ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီး လုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

၁.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ပညာရေး ဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံ အဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာ အဆောက်အဦးများကို အသုံးပြု စီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေ ပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိ အောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျ ရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေစများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့်တောင်သူကြီး များအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့်အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက် အလျောက်များပြားသည့်ချေးငွေ လိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထား ခြင်း မရှိသေးသဖြင့် မြို့နယ် သမဝါယမ အသင်းကချေးငွေ လိုအပ်သူ ရွာသားများအတွက် ချေးငွေ အစီအစဉ်ကို ဆောင်ရွက် သင့်သည်။

### (ဃ) ကျေးလက်အသေးစား စက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်းအသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ ၊ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင်အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ၊ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိ ကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တချို့နှင့်တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊မြို့နယ်ဒေသမှ သည် ကျေးရွာ

အထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

**(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး**

ကုလကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်း အတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ်လုပ်ကိုင်စား သောက် နေကြ ရသည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့် ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

